ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
တိုကျိုမြို့

**မြန်မာနိုင်ငံသား မိဘများမှ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော ကလေးအား မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ လိုအပ်သည့်အထောက်အထား/စာရွက်စာတမ်းများအား အကြောင်းကြားခြင်း**

၁။ မြန်မာသံရုံး၊ တိုကျိုမြို့သည် ဂျပန်နိုင်ငံတွင် ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အဆိုပါ ကောင်စစ်ဆိုင်ရာကိစ္စရပ်များအနက် မြန်မာနိုင်ငံသား မိဘများမှ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော ကလေးများအတွက် မွေးဖွားကြောင်းမှတ်ပုံတင်ခြင်းကို မြန်မာနိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မွေးဖွားပြီး တစ်နှစ်အတွင်း မြန်မာသံရုံးမှတစ်ဆင့် မှတ်ပုံတင်ခြင်းကို ဦးစွာ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသား မိဘနှစ်ပါးသည် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများဖြစ်ရန်လိုအပ်ပါသည်။

၃။ မိဘများသည် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်သူများဖြစ်ပါက နိုင်ငံသား စိစစ်ရေးကတ်ပြားသို့ ဥပဒေနှင့်အညီ လဲလှယ်ကိုင်ဆောင်ပြီးမှသာ ကလေးမွေးဖွားမှု မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားကြောင်းကို မြန်မာသံရုံးမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၌ မှတ်ပုံတင်ပြီးမှသာ ကလေးများအတွက် နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကလေးမွေးဖွား ကြောင်းမှတ်ပုံတင်ခြင်းအတွက် လိုအပ်သည့်အထောက်အထားများနှင့် စာရွက်စာတမ်းများအား သိရှိနိုင်ပါရန်လည်း အသိပေးဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး၊ တိုကျိုမြို့**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်**

**မြန်မာနိုင်ငံသား မိဘများမှ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော ကလေးအား မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ လိုအပ်သည့်အထောက်အထား/စာရွက်စာတမ်းများ**

၁။ ကလေးမွေးဖွားကြောင်းမှတ်ပုံတင်ပုံစံ

၂။ နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်းမှတ်တမ်း(ပုံစံနိုင်-၈)

၃။ ကိုယ်ရေးရာဇဝင်များ(မိဘနှစ်ပါးနှင့် ကလေး)

၄။ မိဘများ၏ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူများ

၅။ မိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူများ

၆။ အိမ်ထောင်စုစာရင်းမိတ္တူများ

၇။ လက်ထပ်စာချုပ်မိတ္တူ

၈။ ဂျပန်နိုင်ငံ၊ မြို့နယ်ရုံးမှ ထုတ်ပေးထားသော မိသားစုစာရင်း

၉။ ကလေးမွေးစာရင်း

၁၀။ မွေးစာရင်းနိုတြီမိတ္တူ

**မြန်မာနိုင်ငံသား မိဘများမှ မွေးဖွားသော ကလေးများအတွက်**

**သာမန်မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားလိုခြင်းကိစ္စ**

၁။ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသောနိုင်ငံသားများအတွက် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းမပြုမီ မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းကို မြန်မာနိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ မွေးဖွားပြီး တစ်နှစ်အတွင်း ဦးစွာလျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ သံရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ကလေးအတွက် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးပါရန် လျှောက်လွှာအား ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန်ဖြစ်ပါသည်။

၃။ ကိုယ်ရေးရာဇဝင်များနှင့် ရောင်စုံဓါတ်ပုံ (၁) ပုံစီ
(ဓါတ်ပုံမှာ - ၃၅ x ၄၅ mm အရွယ်အစား၊ ရောင်စုံဓါတ်ပုံ-နောက်ခံအဖြူ၊ နားရွက်ပေါ်၍ မျက်နှာတွင် ဆံပင်ဖုံးအုပ်ခြင်း မရှိစေရပါ။ (၂) လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံဖြစ်ရပါမည်။

၄။ မိခင်၊ ဖခင်တို့၏ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူများ (၁)စုံစီ (မြန်မာနိုင်ငံကူးလက်မှတ်၏ ဓါတ်ပုံနှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာအပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး၊ မိခင်၊ ဖခင်တို့၏ မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူများနှင့် မြန်မာနိုင်ငံရှိ သန်းခေါင်စာရင်းမိတ္တူ တင်ပြရန်ဖြစ်ပါသည်။ (မိဘများမှ အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်သူများဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားသို့ ဥပဒေနှင့်အညီ လဲလှယ်ကိုင်ဆောင်ပြီးမှသာ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)

၅။ ဂျပန်မြို့နယ်ရုံးမှ ထုတ်ပေးထားသော လက်ရှိမိသားစုစာရင်းမူရင်း တင်ပြရန်ဖြစ်ပါသည်။

၆။ မိခင်၊ ဖခင်တို့၏ Residence card မိတ္တူများ (၁)စုံစီ တင်ပြရန် ဖြစ်ပါသည်။

၇။ လက်ထက်စာချုပ်မိတ္တူ တင်ပြရန်ဖြစ်ပါသည်။ ဂျပန်မြို့နယ်ရုံးတွင် လက်ထပ်ပါက လက်ထပ်စာချုပ်မူရင်းနှင့် အင်္ဂလိပ်ဘာသာပြန်ထားသည့်နိုတြီမိတ္တူ တင်ပြရန်ဖြစ်ပါသည်။ ဂျပန်နိုင်ငံရှိ Notary ပြန်ခွင့်ရှိသော ရှေ့နေမှ ဘာသာပြန်ထားသည့် Notary မူရင်းတင်ပြရပါမည်။

၈။ ကလေး၏-

(က) ဆေးရုံမှထုတ်ပေးထားသော မွေးစာရင်းမိတ္တူ၊

(ခ) ဂျပန်မြို့နယ်ရုံးမှ ထုတ်ပေးထားသော မွေးစာရင်းမူရင်း၊

(ဂ) အင်္ဂလိပ်ဘာသာဖြင့် မွေးစာရင်း နိုတြီမိတ္တူ တင်ပြရန်ဖြစ်ပါသည်။

မှတ်ချက်။ သံရုံးတွင် မြန်မာနိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားစဉ် အမှတ်စဉ် (၁) မှ (၆)အထိအား မူရင်း (၁)စုံပေးရန်လိုအပ်ပါသည်။

၉။ မြန်မာနိုင်ငံကူးလက်မှတ်အသစ်ကြေးမှာ ယန်း ၆,၀၀၀/- ဖြစ်ပြီး၊ ထောက်ခံကြေးအတွက် ယန်း ၃,၀၀၀/- ဖြစ်ပါသည်။

၁၀။ သံရုံးမှ လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး လျှောက်ထားသူထံ ဆက်သွယ်အကြောင်းကြားသည့် အခါ ကျသင့်ငွေများအား Sumitomo Mitsui Bank Corporation (SMBC) ၊ Gotanda Branch ၊ Current Account #4035008 ၊ Embassy of the Republic of the Union of Myanmar, Tel: 03-3441-9291 သို့ ပေးသွင်းရန်ဖြစ်ပါသည်။ ပေးသွင်းပြီးပါက ပေးသွင်းထားသည့် ဘဏ်ချလံ (မူရင်း) အား သံရုံးသို့ ပြန်လည်တင်ပြရန် ဖြစ်ပါသည်။

၁၁။ လိုအပ်ပါက သံရုံးမှ ထပ်မံတောင်းခံမည့် အထောက်အထားများ တင်ပြရန်ဖြစ်ပါသည်။